# နအဖ ထုတ်ပြန်သော
# ရွေးကောက်ပွဲဥပဒေများအပေါ် သုံးသပ်ချက်
# (၁ - ၆ - ၂၀၁၀)

**အမှာ ။** ဂျပန်ကိုမျှော်တာ အများစုကြီးဖြစ်သည်။ ခေါင်းဆောင်ရော ပြည်သူလူထုပါ မျှော်ကြသည်။ နောက်တော့ "ပြောမယုံ ကြုံဖူးမှသိ" ဖြစ်ပြီး အလျှင်အမြန်"အမြင်မှန်" ရကြပါသည်။ မြို့မိမြို့ဖများက ပန်းသပြေနဲ့စည်တော်ယွန်းပြီး ကြိုခဲ့သည်။ တပ်ဦးက ချီလာသည့် ဂျပန်စစ်ဗိုလ်က မြို့မိမြို့ဖများရော ကြိုဆိုသည့်ပရိသတ်ကိုပါ အင်္ဂလိပ်ဖျက်သွားလို့ ပျက်နေတဲ့မီးရထားလမ်းကို ချက်ချင်းပြုပြင်ဖို့ "အမိန့်" ပေးသည်။

တောင်ရှည်ပုဆိုးဝတ်များရော စည်တော်ကြီးအဖွဲ့များရော ခါးထောင်အကျီနဲ့ စည်းပုံဆောင်းထားသော အပျိုကလေးများပါ ဇလီဖါးတုံးတွေ ထမ်းကြရသည်။ သံလမ်းတွေထမ်းကြရသည်။ ခိုနေကပ်နေသည်ဟုထင်လျှင် ပါးနားရိုက်ပြီးခိုင်းသည်။ တနေကုန် လုပ်ကြရသည်။ အဲဒီ့အခါကျမှ ကွန်မြူနစ်တွေပြောတဲ့ "ဖက်ဆစ်ဝါဒ" ဆိုတာ ဒီလိုပါလားလို့ သိသွားကာ အမြင်မှန်ရကြသည်။

ယခုလည်း "ရွေးကောက်ပွဲကို ကြိုဆိုသူများ" အတော်အသင့်ရှိနေသည်။ ဂျပန်ကို ကြိုသူများလောက် မများ၊ အပုံကြီး နည်းသည်။ သူတို့တတွေ "အမြင်မှန်" အနေးနဲ့အမြန် ရကြပါလိမ့်မည်။

ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ ဥပဒေ နည်းဥပဒေ (၅) ခုထဲက ဘယ်ပုဒ်မနဲ့ ဘယ်သူတွေ အကျပ်ကိုင်ခံရမလဲ ဆိုတာကို ကြိုတင်ပြီး စဉ်းစားနိုင်ကြစေဖို့ "ဗကပ ၏ သုံးသပ်ချက်" ကို တင်ပြပါသည်။

**ခြုံငုံသုံးသပ်ချက်။** ဒေါ်အောင်ဆန်းစုကြည်ပြောတာ မှန်ပါသည်။ တဦးတယောက် ပါတီတခုကို ရည်ရွယ်ရေးဆွဲသလို ဖြစ်နေပါသည်။ ဥပဒေနှင့်ပင် မတူ၊ အလွန်ရှက်စရာ ကောင်းလှသည် ဆိုသည်မှာလည်း မှန်ပါသည်။ တရားမျှတမှု လုံးဝမရှိသော ဥပဒေများ ဆိုသည်ကို ပြည်တွင်းမှ ဥပဒေဖြင့် အသက်မွေးသူများထံမှလည်း ကြားရပါသည်။ ပြည်ပသံရုံးဘာသာပြန်များကို ဖတ်ရပြီး သံတမန်များက ဤဥပဒေများအပေါ် အလွန်အံ့အားသင့်ကြသည်ဟု ဆိုသည်။ တရားမျှတမှုမရှိ၊ ဥပဒေနှင့်မတူရုံသာမက၊ ဘာသာစကားအရလည်း တိကျမှုမရှိ၊ လိုသလို အဓိပ္ပာယ်ဖွင့်နိုင်လောက်အောင် အဓိပ္ပာယ်အမျိုးမျိုးထွက်နိုင်ပြီး၊ ဝါကျဖွဲ့ထုံးရေးထုံးတို့မှာ အဓိပ္ပာယ် မပေါက်လောက်အောင် ညံ့ဖျင်းလှသည်။ မယုံနိုင်လောက်အောင်ပင် ဖြစ်ရသည်ဟုလည်း ကြားရပါသည်။

ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ ဥပဒေပညာရှင်အတော်များများ ထောက်ပြသည့်အချက်ကိုလည်း သဘောတူပါသည်။ နအဖ ၏ ယခုဥပဒေအားလုံးတွင် အာဏာတည်သည့်နေ့စွဲ မပါပါ။ ထုံးစံအရ အခန်း (၁) သည် အမည်နှင့်အာဏာတည်သည့်နေ့စွဲ ဖြစ်လေ့ရှိသော်လည်း ယခုဥပဒေများတွင် အမည်နှင့်အဓိပ္ပာယ်ဖေါ်ပြချက် ဖြစ်နေပါသည်။

ဤဥပဒေများအားလုံး (ဥပဒေအမှတ် ၁ မှ ၅) ကို ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက် နေ့စွဲဖြင့် နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဤဥပဒေအားလုံးသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြဋ္ဌာန်းထားခြင်း ဖြစ်ရာ၊ ၂၀၀၈ ဖွဲ့စည်းပုံကိုယ်၌က ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်းအဝေး စတင်ကျင်းပသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည် (၂၀၀၈ ဖွဲ့စည်းပုံ ဥပဒေ ပုဒ်မ ၄၄၁) ဟုဆိုထားသဖြင့် ထိုကိစ္စပြဿနာရှိပုံ ရပါသည်။ (ဖွဲ့စည်းပုံဥပဒေ ပုဒ်မ ၄၄၃) ၏ အကာအကွယ်ကိုလည်း ယူထားပါသည်။ ဆိုလိုသည်မှာ ဖွဲ့စည်းပုံအာဏာမတည်မီ နအဖ က ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်ဆိုသည့် general provision ထည့်ထားခြင်းဖြစ်သည်။

အသက်မဝင်သေးသည့် ၂၀၀၈ ဖွဲ့စည်းပုံကို အကာအကွယ်ယူ၍ အသွင်ကူးပြောင်းရေးကာလ နအဖ လုပ်ဆောင်ချက်မှန်သမျှ တရားဝင်ရာရောက်အောင် ကြံစည်ခြင်းဖြစ်သည်။ (အသက်မရှိတော့သည့် ၁၉၇၄ ဖွဲ့စည်းပုံကို အကာအကွယ်ယူ၍ ဒေါ်အောင်ဆန်းစုကြည်ကို အိမ်ချုပ်ချထားခြင်းနှင့် ပြောင်းပြန်လုပ်ဆောင်ချက်ဖြစ်သည်)။ ဤသို့ ဥပဒေကို လက်တလုံးခြား (ရှေ့နောက်မညီ၊ လိုသလိုအသုံးချ၊ ရှုပ်ရှုပ်ထွေးထွေး၊ ကမောက်ကမ) လုပ်၍ အသွင်ကူးပြောင်းရေးကာလ နအဖ ဥက္ကဋ္ဌက ဥပဒေတွေ လိုသလိုထုတ်နိုင်ရန် အာဏာတည်သည့် နေ့စွဲ ဖျောက်ထားခြင်းဖြစ်ဟန်ရှိသည်။

အရေးအကြီးဆုံးအချက်မှာ ၂၀၁၀ ရွေးကောက်ပွဲကို ဦးစီးကျင်းပပေးမည့် အသွင်ကူးပြောင်းရေးကာလ အစိုးရဟာ နအဖ အစိုးရသာ ဖြစ်ပြီး၊ ၎င်း နအဖ အစိုးရကိုယ်တိုင်က (ကြံ့ဖွံ့ပါတီ) အမည်ဖြင့် ရွေးကောက်ပွဲဝင်ရာမှာ နိုင်ငံတော်ယန္တရားကို အသုံးချပြီး အခွင့်အရေး ယူထားသမျှ တရားဝင်ကြောင်း ၂၀၀၈ ဖွဲ့စည်းပုံတွင် အကာအကွယ်ယူထားခြင်းဖြစ်သည်။

ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ယခုထိ မကြေညာနိုင်သေးပါ။ NLD, CRPP စသည့် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေး ပါတီများက ပြတ်ပြတ်သားသားဆန့်ကျင်သပိတ်မှောက်ခြင်း၊ ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများကလည်း ဆန့်ကျင်ကန့်ကွက်ခြင်း၊ ပြည်သူလူထုကလည်း ယုံကြည်ကိုးစားမှုမရှိခြင်း စသည့်အချက်များကြောင့် ကြန့်ကြာနေပုံရပါသည်။ ဒါ့အပြင် ဥပဒေကြောင်းအရ တရားဝင်မှု Legitimacy အရလည်း စိန်ခေါ်ခြင်း ခံနေရပါသည်။

၂၀၁၀ ရွေးကောက်ပွဲသည် မကျင်းပရသေးမီကတည်းက ပွင့်ကျနေပြီး ရှေ့လျှောက်လည်း လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲ မဟုတ် အတုအယောင်သာဖြစ်ကြောင်း ပိုမိုပေါ်လွင်လာပါလိမ့်မည်။ ထို့အတူ တရားရေးမဏ္ဍိုင် ယိုင်လဲမှု၏ ပြယုဂ်လည်း ဖြစ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (နအဖ ဥပဒေ အမှတ် ၁/၂၀၁၀)**
ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပပေးခြင်း၊ ရွေးကောက်ပွဲကိုကြီးကြပ်ခြင်း၊ မဲရေတွက်ခြင်း၊ အနိုင်ရသူ အမည်စာရင်း ထုတ်ပြန်ကြေညာခြင်း၊ အသိအမှတ်ပြုလွှာထုတ်ပေးခြင်း စသည်တို့အတွက်သာ တာဝန်ရှိသင့်သည်။ ယခုတော့ နိုင်ငံရေးပါတီများကို ကြီးကြပ်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်ပါနေသည်မှာ လုံးဝမသင့်တော်ပေ (ပုဒ်မ ၈(ဋ) ကြည့်)။ အလွန်အရုပ်ဆိုး အကျည်းတန်သောလုပ်ရပ် ဖြစ်ပါသည်။ နအဖ ၏ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဆိုသည်ကို စုစည်းထင်ဟပ်ပြခြင်းလဲ ဖြစ်ပါသည်။

နောက်ထပ်အရုပ်ဆိုးအကျည်းတန်သည့်လုပ်ရပ်မှာ ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ် ဖြစ်ရမည် (final & conclusive) ဟု အာဏာကုန်ပေးထားသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ (ပုဒ်မ၉၊က၊ခ၊ဂ)။ လုံးဝအဓိပ္ပာယ်မရှိပါ။ ကော်မရှင်သည် တရားစီရင်ရေးမဏ္ဍိုင်၏ အထက်တွင် ရောက်နေသည်။ တရားရုံးချုပ် (Supreme Court) ၏ အထက်တွင်ပင် ရှိနေသလို ဖြစ်နေသည်။ ကော်မရှင်သည် တကယ်တော့ တရားရုံးသဘော သက်ရောက်သော Quasi judicial အဖွဲ့အစည်း တရပ်သာဖြစ်သည်။ တရားစီရင်ရေးစနစ် (judicial system) အပေါ် လွှမ်းမိုးမှု လုံးဝမဖြစ်သင့်ပါ။ ယခုအတိုင်းဆိုလျှင် လုပ်သမျှခံရတော့မည် ဖြစ်သည်။ မည်သည့် တရားရုံးတွင်မှ အယူခံခွင့်ရှိတော့မည် မဟုတ်ပါ။ မတော်တဆ အရွေးခံရရင်လည်း တဘက်က ကန့်ကွက်သည်ဟုဆိုပြီး သူတို့စိတ်ကြိုက် ဖွဲ့ထားသည့်ခုံအဖွဲ့က ထင်သလိုဆုံးဖြတ်တာကို ခံရတော့မည် ဖြစ်ပါသည်။

တဆက်တစပ်ထဲဖြစ်သည့် နောက်ထပ်အကျည်းတန်သည့် လုပ်ရပ်မှာ ကော်မရှင်က ဖွဲ့စည်းပေးမည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကို စစ်ဆေးမည့် ခုံအဖွဲ့များကို အာဏာကုန်ပေးထားခြင်း ဖြစ်သည်။ (ပုဒ်မ ၈၊ဇ)။ ၎င်းခုံအဖွဲ့များက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးများ ဒေသဦးစီးများ ရွေးချယ်ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ကို ကြားနာခြင်းပြုနိုင်ပြန်သည် (ပုဒ်မ ၈၊ဈ အရ ဖွဲ့စည်းပုံဥပဒေ ပုဒ်မ၂၇၆၊ဇ ကိုညွှန်း)။ မည်သည့်တရားစီရင်ရေးစနစ်ကမျှ ဝင်ရောက်စွက်ဖက်ခွင့် ကုစားခွင့် ပေးမထားပါ။ ဤသို့ လုံးဝ မဖြစ်သင့်ပါ။

ပုဒ်မ ၄(ခ) အရ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နအဖ က ယူဆသူ ဖြစ်ရမည်။ ထိုပုဒ်မသည် လိုသလို အဓိပ္ပါယ်ဖွင့်နိုင်သည့် ပြဋ္ဌာန်းချက် ဖြစ်သည်။ သူတို့စိတ်ကြိုက် ခေါင်းခေါက်ရွေးနိုင်ရန် လမ်းဖွင့်ပေးထားခြင်းလည်း ဖြစ်သည်။ ယင်းကို မည်သူကမှ စောဒကတက်ခွင့်လည်း မရှိပါ။

ပုဒ်မ ၄(ဃ) အရ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။ တို့အရေးသုံးပါး၊ အမျိုးသားနိုင်ငံရေးတွင် တပ်မတော်၏ ဦးဆောင်မှု၊ စီးကမ်းပြည့်ဝသောဒီမိုကရေစီ စသည့် နအဖ ပေတံဖြင့် တိုင်းရန်သာဖြစ်သည်။

**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နအဖ ဥပဒေ အမှတ် ၂/၂၀၁၀)**
နိဒါန်း။ နအဖ၏နိုင်ငံရေးလောဘကို အကျည်းသဘော စုစည်းဖေါ်ပြထားခြင်း ဖြစ်သည်။

အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖေါ်ပြချက်။
ပုဒ်မ ၂(ဃ)။ နိုင်ငံရေးပါတီရဲ့ အဓိပ္ပာယ်ဖေါ်ပြချက်မှာလည်း ထိုနည်း၎င်းဖြစ်သည်။
ပုဒ်မ ၂(င)။ ပါတီဆိုသည်ကို ပြည်ထောင်စုတဝန်းလုံးတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တခုအတွင်း၌သာဖြစ်စေ စည်းရုံးဆောင်ရွက်သည့် နိုင်ငံရေးပါတီဟု ခွဲခြားပါသည်။
ဒေသဆိုင်ရာပါတီ regional party ကို ဆိုလိုခြင်းဖြစ်သည်။ ဤသို့ မဖြစ်သင့်ပါ။ အကုန်လုံးက နိုင်ငံရေးပါတီများပဲဖြစ်သည်။ သူ့ဘာသာသူ ဒေသဆိုင်ရာနိုင်ငံရေး လုပ်ချင်လုပ်မည်။ တပြည်လုံးတွင် လှုပ်ရှားဆောင်ရွက်ခြင်း national party လုပ်ချင်လုပ်မည်။ သူ့သဘောသာ ဖြစ်သင့်သည်။ သူလုပ်နိုင်လျှင် တဖြည်းဖြည်း တနိုင်ငံလုံး ကိုယ်စားပြုသည့်ပါတီ အာဏာရပါတီ ဖြစ်လာမည်သာ ဖြစ်သည်။ ဒါကို ကော်မရှင်က သတ်မှတ်ထားတာမျိုး မဖြစ်သင့်။ အိန္ဒိယတွင် national party သတ်မှတ်ရာတွင် တနိုင်ငံလုံးတွင်ရရှိသော လူထုဆန္ဒမဲ ရာခိုင်နှုန်း၊ အစိုးရဖွဲ့နိုင်သည့်ပြည်နယ် အရေအတွက်၊ လွှတ်တော်တွင်ရရှိသော အမတ်ဦးရေ စသည်တို့အပေါ် အခြေခံသတ်မှတ်ခြင်းဖြစ်သည်။ ထိုသို့သာ ဖြစ်သင့်သည်ဟု ယူဆပါသည်။

ပုဒ်မ ၂(ဌ)။ ထောင်ဒဏ်ကျခံနေရသူ အဓိပ္ပာယ်ဖေါ်ပြချက်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသမားများကို ရည်ရွယ်ကြောင်း ရှင်းနေပါသည်။ နိုင်ငံရေးအကျဉ်းသားများကို ရာဇဝတ်သားလိုသဘောထားပြီး နိုင်ငံရေးအခွင့်အရေးများကို ပြောင်ပိတ်ပင်ခြင်းဖြစ်သည်။

အခန်း(၂) နိုင်ငံရေးပါတီ တည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းပါ ပြဋ္ဌာန်းချက်များသည် ချုပ်ကိုင်မှုတွေများလွန်းပြီး ဥပဒေနှင့်ငြိစွန်းသည်ဟု အကြောင်းပြကာ အချိန်မရွေးအပြစ်ရှာ ဖျက်သိမ်းပစ်နိုင်သည်။ နိုင်ငံရေးပါတီ တည်ထောင်ခြင်းကို အဆင့်နှစ်ဆင့် လုပ်ထားပါသည်။
ပုဒ်မ ၃(က) အရ အနည်းဆုံး ၁၅ ဦးက စည်းရုံးခွင့်လျှောက်ထားရမည်။ ပုဒ်မ ၄ ပါအချက်များနှင့်ကိုက်ညီရမည်။ ပုဒ်မ ၆ ပါအချက်များကို ဝန်ခံလက်မှတ်ထိုးရမည်။

ပုဒ်မ ၃(ခ) အရ ဒီအဆင့်မှာပင် ကော်မရှင်က ပယ်လိုက်နိုင်သည်။

ပုဒ်မ ၄(က) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ခြင်း (ငြိမ်းအဖွဲ့များကို ရည်ရွယ်ပုံရသည်။ မြန်မာပြည် နိုင်ငံသားဥပဒေ citizenship act ကို လိုသလိုအသုံးချထားခြင်း ဖြစ်သည်)။
ပုဒ်မ ၄(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း (လောလောလတ်လတ် ဘောင်းဘီချွတ်လိုက်သော နအဖ အာဏာသိမ်း စစ်ကောင်စီဝင်လည်းဖြစ် လက်ရှိဝန်ကြီးချုပ်လည်းဖြစ်သူ ဦးသိန်းစိန်နှင့် အပေါင်းပါ ကြံ့ဖွံ့ပါတီခေါင်းဆောင်များသည် နိုင်ငံတော်မှ လစာရိက္ခာများကိုစားနေသည့် နိုင်ငံ့ဝန်ထမ်း မဟုတ်ပါလော။ နအဖခန့်ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက  နိုင်ငံ့ဝန်ထမ်းမဟုတ် နိုင်ငံရေးခေါင်းဆောင် States-man ဖြစ်သည်ဟု မရှက်မရွံ့ဆိုသည်)။
ပုဒ်မ ၄(စ)  သောင်းကျန်းသူ အကြမ်းဖက်အဖွဲ့အစည်း မတရားသင်းတို့နှင့် ဆက်သွယ်ခြင်း (မတရားသင်းပုဒ်မ ၁၇ (၁) ၁၇(၂) တို့နှင့် ငြိစွန်းတယ်ဟု စွပ်စွဲပြီး ပါတီတရပ်ကို အချိန်မရွေး ဖျက်သိမ်းပစ်နိုင်သည်)။

ပုဒ်မ ၆  သည် နအဖ ၏ စည်းကမ်းပြည့်ဝသောဒီမိုကရေစီ ဆိုသည်ကို စုစည်းဖေါ်ပြချက်ဖြစ်၍ ၎င်းတို့ကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။ ၎င်းအချက် တချက်ချက်ဖြင့် ငြိစွန်းသည်ဟု အကြောင်းပြ၍ (ပုဒ်မ ၁၂၊က၊၄ အရ) ပါတီကို အလွယ်တကူ ဖျက်သိမ်းခံရနိုင်သည်။

ပုဒ်မ ၅ သည် ပါတီထောင်ဖို့ ဒုတိယအဆင့်ဖြစ်သည်။
ပုဒ်မ ၅(စ)။ အဓိပ္ပာယ်မရှိသော ပြဋ္ဌာန်းချက်ဖြစ်သည်။ ၁၉၉၀ ခုနှစ်က သုံးနေရာဝင်မပြိုင်ရင် ပါတီအဖျက်သိမ်းခံရမည်ဟု အကျပ်ကိုင်ခဲ့သည်။ ယခုအခါ အနည်းဆုံး မဲဆန္ဒနယ်သုံးနယ် ဝင်ပြိုင်ရရုံတင်မက (ပုဒ်မ ၁၂၊က၊၁)၊ မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ ၁၀၀၀ (တပြည်လုံး) သို့မဟုတ် ၅၀၀ (တိုင်း/ပြည်နယ်) စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက်ဖြင့် အကန့်သတ်ခံရပြန်သည်။ (နိုင်ငံရေးပါတီတရပ် အနေဖြင့် ရွေးကောက်ပွဲကို တရားမျှတသည်ဟု ယူဆလျှင် ဝင်မည် ၊ တရားမျှတသည်ဟု မယူဆလျှင်  သပိတ်မှောက်ခွင့် ရှိသည်၊ နိုင်ငံရေးပါတီတရပ်၏ လွတ်လပ်ခွင့်ကို ပိတ်ပင်သည့် ပြဋ္ဌာန်းချက်များဖြစ်ပါသည်)

ပုဒ်မ ၉။ ဒါလည်း ကော်မရှင်ကို အာဏာကုန်ပေးထားပြန်တာပဲဖြစ်သည်။ သူတို့မကြိုက်သည့် ပါတီ လူပုဂ္ဂိုလ်ကို မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်နိုင်ခွင့် ပေးထားသည်။

ပုဒ်မ ၁၀။ ပါတီဝင်များအတွက် သတ်မှတ်ချက်များကို (ပုဒ်မ ၄၊ ပါတီတည်ထောင်လိုသူများအတွက် သတ်မှတ်ချက်များနည်းတူ) သတ်မှတ်ပြဋ္ဌာန်းချက်ဖြစ်သည်။ ပုဒ်မ ၆ ကို စောင့်ထိန်းလိုက်နာရန် ဝန်ခံထားသူဖြစ်ခြင်း (ပုဒ်မ ၁၀၊ဈ) ဆိုတာလည်း (မမေ့မလျော့) ထည့်ထားလိုက်ပါသေးသည်။ အပိုင်ချည်တုပ်ထားခြင်း ဖြစ်သည်။

ပုဒ်မ ၁၁(စ)။ ပါတီဝင်စာရင်းကို ပြုစုထားရှိပြီး သတ်မှတ်သည့်အတိုင်း ကော်မရှင်ကို တင်ပြရမည် ဆိုတာကတော့ လွန်လွန်းအားကြီးပါသည်။ ဝင်ရောက်စွက်ဖက်လွန်းအားကြီးသည်။

အခန်း(၃) ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိခြင်း။
ပုဒ်မ ၁၂(က)။ မတော်တဆ ခွင့်ပြုပေးခဲ့မိသည်ရှိသော် ကြိုက်တဲ့အချိန် ပါတီကိုပြန်ဖျက်၍ရနိုင်စေရန် သေချာအောင်လုပ်ထားသော ပြဋ္ဌာန်းချက်ဖြစ်သည်။ ပုဒ်မ၁၂(ခ) အရ ကော်မရှင်ကို ပါတီဖျက်သိမ်းခွင့်အာဏာ အပ်ခြင်းဖြစ်သည်။
ပုဒ်မ ၁၂(က၊၂) အရ မတရားသင်းအဖြစ် ကြေညာခံရနိုင်သည်။
ပုဒ်မ ၁၂(က၊၆) အရ ပုဒ်မ ၁၀ ပါအချက်တရပ်ရပ်နှင့် မကိုက်ညီသူများကို ပါတီမှထုတ်ပယ်ခြင်း မပြုလျှင် (ဥပမာ။ ဒေါ်အောင်ဆန်းစုကြည်ကို လက်ခံထားလျှင်) ပါတီအဖျက်ခံရမည်ဖြစ်သည်။
ပုဒ်မ ၁၂(က၊၅)အရ နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို ရယူသုံးစွဲလျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိဟု ဆိုထားသည်။ ကောင်းပါသည်။ သို့သော်  ခြွင်းချက် (၁) အရ  နိုင်ငံတော်ကတရားဝင် ထောက်ပံ့ ချီးမြှင့်ထားသော လစာ စားရိတ် ငွေကြေးသော်လည်းကောင်း မပါဝင်။ ခြွင်းချက် (၂) အရ  ဥပဒေတရပ်ရပ်အရသော်လည်းကောင်း တာဝန်အရ သော်လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော နိုင်ငံတော်ပိုင်  မြေ၊ အိမ်၊ အဆောက်အအုံနှင့်အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်ပစ္စည်း စသည်တို့ မပါဝင်။ (ဘယ်သူ ဘာပြောချင်ပါသေးသနည်း၊ ကြံ့ဖွံ့ကို ဖြောင်အကာအကွယ်ပေးပြီး၊ တိုင်းပြည်ဘဏ္ဍာကို အလွဲသုံးစားပြုခွင့်ကို အစီစဉ်ရှိရှိ ဥပဒေပြဋ္ဌာန်းပေးထားခြင်းဖြစ်သည်)

ပုဒ်မ ၁၃ ။ သေချာအောင် ရေပက်မဝင်အောင် လုပ်ထားခြင်းဖြစ်သည်။ ၁၀၀၀ မပြည့် ၅၀၀ မပြည့် အကြောင်းပြချက်ဖြင့် ပါတီကို ဖျက်သိမ်းနိုင်ခွင့် ကော်မရှင်ကို ပေးထားသည်။ NLD ပါတီဝင်များ ပါတီမှ နုတ်ထွက်စေရန် မိသားစုစားဝတ်နေရေး အလုပ်အကိုင် စီးပွားရေးအရ ထိခိုက်ပျက်ပြားအောင် နှောင့်ယှက်ဖိအားပေးခဲ့ခြင်းများနှင့် ဆက်စပ်စဉ်းစားနိုင်ပါသည်။

အခန်း(၄)။ ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။
ပုဒ်မ ၁၅(က၊၂)။ ပြည်တွင်းသူကြွယ်ကြီးများက ပါတီသို့ လှူဒါန်းထည့်ဝင်သည့် ငွေကြေး သို့မဟုတ် ပစ္စည်း။ နအဖ နှင့် အမြီးစားဖက် ခေါင်းစားဖက် သူဌေးသူကြွယ်များထံမှ တရားဝင်ဆက်ကြေးတောင်း၍ရအောင် ဂွင်(ခွင်)ဖန်ထားသော ပုဒ်မဖြစ်သည်။

ပုဒ်မ ၁၅(က၊၃)။ ပါတီပိုင်စီးပွားရေးလုပ်ငန်းများမှ တရားဝင်ရရှိသောငွေနှင့်အမြတ်အစွန်း။ စစ်တပ်ပိုင် UMEH ကာကွယ်ရေးဝန်ကြီးဌာန ပိုင် MEC တို့နှင့် အလားတူ စီးပွားရေးလုပ်ငန်းများကို ကြံ့ဖွံ့ပါတီ လုပ်နိုင်အောင် လမ်းဖွင့်ပေးထားသောပုဒ်မ ဖြစ်သည်။

ပုဒ်မ ၁၅(ခ)။ ထိုလုပ်ငန်းများမှ ကြံ့ဖွံ့သို့ လှူဒါန်းထည့်ဝင်သည့် ငွေကြေး (ဆက်ကြေး) အပေါ် အခွန်လွတ်ငြိမ်းခွင့်ပင် ပေးလိုက်ပါသေးသည်။ ဘာများပြောချင်ပါသေးသလဲ။
စစ်ဗျူရိုကရက်အရင်းရှင်စနစ်ကို ဥပဒေဖြင့် တရားဝင်အကာအကွယ်ပေး သရဖူဆောင်းပေး လိုက်ခြင်းလည်း ဖြစ်သည်။ ထို့ပြင် သူတို့လူရင်း လူယုံ အမြီးစားဖက်ခေါင်းစားဖက် (crony) များ နိုင်ငံရေးအရေးချုံ စီးပွားရေးလုပ်ကိုင်ခွင့်ကို တဖက်လှည့်ဖြင့်ပေးထားခြင်းလည်း ဖြစ်သည်။ ဗမာပြည်နိုင်ငံရေးကို မာဖီးယားဂိုဏ်းများက ကြီးစိုးသွားနိုင်ပါသည်။ ထိုအန္တရာယ် အလွန်ကြီးသည်ဟု ထင်ပါသည်။ ကြံ့ဖွံ့ စွမ်းအားရှင်တို့၏ မာဖီးယားလူဆိုးဂိုဏ်းဆန်သော လုပ်ရပ်များကို မြင်တွေ့နေသည်မှာကြာပြီ။

ပုဒ်မ (၁၈)။ ပါတီတွေကို စာရင်းစစ်တာမှာလည်း ကော်မရှင်က အာဏာပိုင်ဖြစ်နေပြန်သည်။

ပုဒ်မ (၁၉)။ ပါတီကို မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ အဖျက်သိမ်းခံရလျှင်ဖြစ်စေ ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်ကို အပ်နှံရမည်တဲ့။ မကြားဘူးပါ။ စာရင်းရှင်းလင်း ဖျက်သိမ်း (liquidation) ရာမှာ မသင့်လျော်တာမဖြစ်အောင် တရားသဖြင့်ဖြစ်အောင် (လိုအပ်မှ) ဝင်ရောက်ကြီးကြပ် ဆောင်ရွက်ပေးတာ ဖြစ်သင့်ပါသည်။ ပါတီပိုင်ပစ္စည်းများကို နိုင်ငံပိုင်သိမ်းသည်ဆိုတော့ လောဘကြီးလွန်းလှပါသည်။

အခန်း (၅) အထွေထွေ။
ပုဒ်မ (၂၀၊က)။ ကော်မရှင်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။ ကော်မရှင်ကို အတိအလင်း ဗီတိုအာဏာပေးထားခြင်းဖြစ်သည်။ အပြီးအပြတ် final & conclusive ဆိုသောစကားရပ်သည် ဥပဒေဘာသာရပ်တွင် အတော်တာသွားသော စကားရပ်ဖြစ်ပါသည်။ မည်သို့သော သက်သာခွင့် ကုစားခွင့်ကိုမျှ မည်သည့်နည်းနှင့်မျှ ရယူခြင်းမပြုနိုင်တော့ပါ။ အထက်တရားရုံးအဆင့်ဆင့်သို့ အယူခံခွင့်ဆိုသည့် အခွင့်အရေးကို ဤပြဋ္ဌာန်းချက်ဖြင့် ရုပ်သိမ်းလိုက်ခြင်းဖြစ်ပါသည်။
ပုဒ်မ (၂၀၊ခ)။ မည်သည့်တရားရုံးတွင်မှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။ ပိုသေချာအောင် အတိအကျ စာဖြင့်ရေး၍ ဥပဒေပြဋ္ဌာန်းခြင်းဖြစ်သည်။ ပုံမှန်တရားစီရင်ရေးစနစ် (judicial system) နှင့် တသီးတခြားကင်းကွာအောင် လုပ်ထားခြင်းလည်း ဖြစ်သည်ဟု ယူဆရပါသည်။

ပုဒ်မ (၂၁)။ ပုဂ္ဂိုလ်တဦးသည် တချိန်တည်းတွင် ပါတီတခုသာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။
နိုင်ငံရေးပါတီများကို ထိန်းချုပ်သည့်သဘောဖြစ်သည်။ ၁၉၉၀ ခုနှစ်တုန်းကလို မဟာမိတ်ပါတီ ညီနောင်ပါတီ အသက်ကယ်ပါတီတွေ မဖွဲ့နိုင်စေရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်ဟု ယူဆပါသည်။

ပုဒ်မ (၂၃)။ ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ပါတီများကို ကြီးကြပ်ရန် အခွင့်အာဏာပေးအပ်ခြင်းဖြစ်သည်။

ပုဒ်မ (၂၄၊က၊ခ၊ဂ၊ဃ၊င)။ မည်သို့ကြီးကြပ်မည်ကို အသေးစိတ်ဖော်ပြထားခြင်းဖြစ်သည်။ ဥပဒေ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာ အမိန့် ညွှန်ကြားချက်များနှင့်ကြီးကြပ်မည်။ တဦးဦးကတိုင်ကြားလျှင် စုံစမ်းစစ်ဆေးမည်။ကော်မရှင်ညွှန်ကြားချက်အတိုင်း မလိုက်နာလျှင် ပါတီမှတ်ပုံတင်ကို သုံးနှစ်ရပ်ဆိုင်းမည်။ဒါနှင့်မ ၊ဆက်လက်ပျက်ကွက်လျှင် ပါတီကို ဖျက်သိမ်းမည်။(ကော်မရှင်၏ ဗီတိုအာဏာပြင်းထန်ပုံကို သိလောက်ပါပြီ၊NLD CRPP ဘာကြောင့် မှတ်ပုံမတင်သလဲ ရှင်းလောက်ပါပြီ)

ပုဒ်မ(၂၅)။ နဝတ ဥပဒေ အမှတ် ၄/၈၈ အရတည်ရှိနေသော နိုင်ငံရေးပါတီများ ရက်ပေါင်း ၆၀ အတွင်း လျှောက်ထားရမည်။ မလျှောက်ထားရင် ပျက်ပြယ်ပြီ။(လျှောက်ထားရင် ဘာဖြစ်မလဲ၊ လျှောက်ထားရင် ဂျပန်ပေးတဲ့ထန်းတက်လက်မှတ်ရလိမ့်မည်)

ပုဒ်မ(၂၇)။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ(နဝတ ဥပဒေ အမှတ် ၄/၈၈)ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။(ဒါလားဟ ဥပဒေလို့သာ ပြောရပေတော့မည်)

(ဆက်လက်ဖော်ပြသွားပါမည်။)